# ဇေယနု

(ရာမည)

## အောင်မြတ်သာနှင့်

## ဝိညာဉ်စွဲကပ်မှန်တစ်ချပ်



## အောင်မြတ်သာနှင့် ဝိညာဉ်စွဲကပ်မှန်တစ်ချပ်

အောင်မြတ်သာတို့ လည်း ရှေးဟောင်း ပစ္စည်းဆိုင်ရှင် ပေးခဲ့တဲ့ မှန်ချပ်ကိုယူပြီး ဆက်ထွက်ခဲ့ကြတယ်။

"သက်ခိုင်ရေ အရှေ့က ဇရပ်မှာ ခဏနားကြရအောင်"

"ဟုတ်ကဲ့ဆရာ"

သက်ခိုင်နဲ့ တောက်ရက ဇရပ်အတွင်းမှာ ရှိနေတဲ့ ဖုန်နဲ့ အမှိုက်တွေကို လှည်းကျင်းပြီး

"ဆရာ ဒီမှာ တော့ လတ်တလော နေလို့ ရသွားပြီ ကျွန်တော်တို့ ဒီမှာ ဘယ်လောက်နေရမှာ လဲ"

"အခြေအနေကိုကြည့်ပြီး ဆုံးဖြတ်ရမှာ ပဲ ခုနက ယူခဲ့တဲ့ မှန်ကို အရှေ့မှာ ထောင်ထားလိုက်"

သက်ခိုင်လည်း ယူလာတဲ့ မှန်ကို အောင်မြတ်သာ အရှေ့မှာ ထောင်လိုက်တယ်။ မှန်အသားက တော်တော်လေးက ထူပြီး မှန်ပေါင်ကိုလည်း သေချာအနုစိတ် ပုံဖော်ထားတာ တွေ့ရတော့ သက်ခိုင်က

"ဆရာ ဒီမှန်က သာမန်လူတွေ သုံးတာတော့ မဖြစ်နိုင်ဘူး သူဌေးမျိုးနွယ်တွေ ဒါမှ မဟုတ် ဘုရင်အနွယ်တွေ သုံးတဲ့ ဟာပဲ ဖြစ်ရမယ်"

"ဘယ်သူပဲသုံးခဲ့ သုံးခဲ့ ဒီမှန်ရဲ့ ရာဇဝင်ကို အရင်သိမှ ရမယ် ရှေး

ဟောင်း ဆိုင်ပိုင်ရှင် ပြောတဲ့ စကားအရ ဒီမှန်ထဲမှာ မိန်းကလေးတစ်ယောက် ရှိတယ်လို့ သိရတယ် ဒါကြောင့် တကယ်ရှိမရှိ စမ်းကြည့်ရအောင်"

သက်ခိုင်လည်း အောင်မြတ်သာ စကားဆုံးတော့ မှန်ကိုမလဲကျအောင် နေရာချပြီး ဘေးမှာ ဝင်ထိုင်လိုက်တယ်။

မှန်ကို နေရာချပြီးတော့ အောင်မြတ်သာက မှန်ချပ်အရှေ့တည့်တည့်မှာ တင်ပျဉ်ခွေထိုင်ပြီး မှန်ကို စူးစိုက်ကြည့်နေတဲ့ အချိန် မှန်ထဲက ပုံရိပ်ထဲမှာ မိန်းကလေး တစ်ယောက်ပုံ ပေါ်လာခဲ့တယ်။

မှန်ထဲမှာ မြင်ရတဲ့ မိန်းကလေးက ဆရာ့အနောက်မှာ ကျောပေးပြီး ထိုင်နေတယ်။ သက်ခိုင်လည်း မှန်ထဲမှာ မြင်ရတာကို အပြင်မှာ ကြည့်လိုက်တော့ အောင်မြတ်သာ အနောက်မှာ ဘယ်သူမှ မရှိ။

အောင်မြတ်သာက မှန်ချပ်ထဲက မိန်းကလေးကို ကြည့်ပြီး

"အမိ ကျုပ်ဘက်ကို လှည့်ပြီး ပြောလို့ ရပါတယ် ကျုပ်တို့ ကူညီနိုင်တယ်ဆိုရင် ကူညီပေးပါ့မယ်"

အောင်မြတ်သာ စကားဆုံးတော့ မှန်ထဲက မိန်းကလေးက တဖြည်းဖြည်း အရှေ့ကို လှည့်လာခဲ့တယ်။ သက်ခိုင်တို့ လည်း စိတ်ဝင်တစား ကြည့်နေကြတာပေါ့။ မိန်းကလေးက အရှေ့ဘက်ကိုလှည့်ပြီး မျက်နှာကို လက်ဝါးနဲ့ အုပ်ကာ ရှိုက်ကြီးတငင် ငိုပါလေရော။

"အမိ ဘာဖြစ်လို့ ငိုတာလဲ ကျုပ်တို့ က သင့်ကို ရန်ပြုမယ့်သူတွေ မဟုတ်ဘူး သင့်ကို ကူညီပေးကြမယ့်သူတွေပါ ဒါကြောင့် သင်ကျုပ်တို့ ကို ပွင့်ပွင့်လင်းလင်း ပြောနိုင်တယ် ဒါမှ ကျုပ်တို့ သင့်ကိုကူညီလို့ ရမှာ "

အောင်မြတ်သာ စကားဆုံးတော့ ငိုနေတဲ့ မိန်းကလေးက အုပ်ထား

တဲ့ လက်ကို ဖယ်လိုက်တဲ့ အချိန် အရမ်းကို ချောမောလှပတဲ့ မိန်းကလေး တစ်ယောက် ဖြစ်နေတာကို အောင်မြတ်သာတို့ ဆရာတပည့်တွေ မြင်လိုက်ကြရတယ်။

မှန်ထဲက မိန်းကလေးက မျက်ရည်စတွေကို သုတ်ပြီး

"ကျွန်မ ဝမ်းသာလွန်းလို့ ငိုတာပါ အခုလို စကားပြောခွင့်ရဖို့ နှစ်၃ဂလောက် စောင့်ခဲ့ရတယ် အခုတော့ ကျွန်မလွတ်အောင် လုပ်ပေးမယ့်သူတွေနဲ့ တွေ့ရပြီ"

"အမိက ဘယ်လိုဖြစ်လို့ ဒီမှန်ထဲကို ရောက်နေတာလဲ"

"ဒီအကြောင်းတွေ ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်၃ဂက အဖြစ်အပျက်တွေကို ပြန်ပြောရမယ်"

"ကောင်းပြီလေ ကျုပ်တို့ နားထောင်ပါမယ်"

***